ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
All Arakan Students' & Youths' Congress
P.O.Box-135, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC)မှ ရခိုင်အမျိုးသားညီလာခံ (ကျောက်ဖြူမြို့)သို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၇) ရက်

၂၀၁၄ ခုနှစ် ဧပြီလ (၂၇)ရက်နေ့မှ မေလ(၁)ရက်နေ့ထိ ကျောက်ဖြူမြို့တွင် ကျင်းပပြုလုပ်သည့် ရခိုင်အမျိုးသား ညီလာခံသို့ ကျွန်ုပ်တို့ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC) အနေဖြင့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့အပ်ပါသည်။

ယခုကျင်းပပြုလုပ်သော ရခိုင်အမျိုးသားညီလာခံသည် ရခိုင်နိုင်ငံရေး သမိုင်းတလျှောက်တွင် စတုတ္ထအကြိမ်မြောက် ကျင်းပပြုလုပ်သည့်ညီလာခံတခုဖြစ်ပြီး၊ အဆိုပါညီလာခံအနေဖြင့် လက်ရှိရခိုင်ပြည်သူများ ကြုံတွေ့ခံစားနေကြရသော လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ အမျိုးသားရေး စသည့်အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာရေးအတွက် များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ **"လုံခြုံငြိမ်းချမ်း၊ ဖွံ့ဖြိုးရန်၊ ရခိုင်အမျိုးသားညီလာခံ"** ဟု ကြွေးကြော်ထားသည့် ဆောင်ပုဒ်နှင့်အညီ အဖက်ဖက်မှ နိမ့်ကျယိုယွင်း ပျက်စီးလျှက်ရှိသော ရခိုင်ပြည်နှင့် ပြည်သူလူထုတို့၏ အသက်အိုးအိမ် စည်းစိမ်နှင့် ဘဝလုံခြုံမှု၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေမှု စသည်တို့ကို လက်တွေ့ဖော်ဆောင်နိုင်မည့်လုပ်ငန်းစဉ်များအား ချမှတ်နိုင်ရန် လွန်စွာအရေးကြီးပေသည်။

ရခိုင်ပြည်အတွင်း မှီတင်းနေထိုင်လျှက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများ၏ အထွေထွေအကျပ်အတည်း ပြဿနာအား ဖြေရှင်းရေးတွင် အဓိကသော့ချက်မှာ အမျိုးသားစည်းလုံးညီညွတ်မှုပင် ဖြစ်ပါသည်။ ရခိုင်ဘုရင့်နိုင်ငံတော်အချုပ်အခြာအာဏာကျဆုံးသည်မှ ယနေ့ထိတိုင် ပုံသဏ္ဍာန်မျိုးစုံဖြင့် မနားတမ်း မျိုးဆက်အလိုက် ကြိုးပမ်းလာခဲ့ကြသည့် အမျိုးသားစည်းလုံးညီညွတ်ရေးသည် လိုအပ်သည့်အဆင့်သို့ ယနေ့ထိတိုင် ရောက်ရှိနိုင်ခြင်း မရှိသေးပါချေ။ ထို့ကြောင့် အတိတ်သမိုင်းသင်ခန်းစာများကို အနုလုံပဋိလုံ ထုတ်ယူကြလျှက် ၂၀၁၄ ခုနှစ် ဧပြီလ(၂၇)ရက်နေ့မှ မေလ(၁)ရက်နေ့ထိ ကျင်းပလျှက်ရှိသည့် ရခိုင်အမျိုးသားညီလာခံကြီးမှ ပြည့်ဝစည်းလုံးသောအမျိုးသားညီညွတ်ရေးအတွက် ကျောက်ဖြူမြို့တွင် သမိုင်းခြေလှမ်းသစ်တရပ်ကို အစပျိုး လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းယင်း ဤသဝဏ်လွှာအား နိဂုံးချုပ်အပ်ပါသည်။

**"အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ အောင်ရမည်"**

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (ရ၊ က၊ လ၊ စ)
ဗဟိုဌာနချုပ်၊ ထိုင်း-မြန်မာနယ်စပ်